# အီးယူပို့ကုန်ဈေးကွက်လေ့လာချက် - အေးခဲပုဇွန်များ

## မြန်မာ့အေးခဲပုဇွန်များ

မြန်မာ့ရေပြင်များ မှ သဘာဝအတိုင်း ဖမ်းဆီးရမိသောပုဇွန်များနှင့် ပုဇွန်ကန်ဖြင့် ကျယ်ကျယ်ပြန့်ပြန့်မွေးမြူခြင်းတို့မှရရှိသော ပုဇွန်များသည် အရွယ်အစားကြီးမားကာ (တစ်ပေါင်လျှင် အကောင်ရေနှစ်ဆယ်နှင့်အောက်) အရည်အသွေးမြင့်မားပြီး သဘာဝနှင့် လိုက်လျောညီထွေစွာ ထုတ်လုပ်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် သဘာဝအတိုင်းဖမ်းဆီးရမိသောပုဇွန်များ၌ ပန်းရောင်ပုဇွန် (*Metapenaeus Affanis*) နှင့် ပုဇွန်ကျား (*Penaeus monodon*) တို့ပါဝင်ကြသည်။ ထို့အပြင် ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းမြစ်ဝကျွန်းပေါ်ဒေသများရှိ သမားရိုးကျပုဇွန်မွေးမြူမှု ကန်ပိတ်မွေးမြူသည့်နည်းလမ်းများအနေဖြင့် ဂေဟစနစ်နှင့်သင့်လျော်ကာ အရည်အသွေးမြင့်မားသည့် ပုဇွန်ကျားများ (*Penaeus monodon*) နှင့် ရေချိုပုဇွန်တုပ်ကြီးများ (*Macrobrachium rosenbergii*) ကိုပါ မွေးမြူလျက် ရှိပါသည်။

မြန်မာပုဇွန်ကျား



*ဓာတ်ပုံ ။ ။ ရွှေယမုံကုမ္ပဏီ*

အေးခဲပုဇွန်များကိုရောင်းတန်းဝင်ပုံသဏ္ဍာန်များ ၊ အရွယ်အစားများဖြင့် တင်ပို့နိုင်ပါသည်။မြန်မာနိုင်ငံ၌အသုံးအပြုဆုံးပုံစံမှာ အခွံပါ၊ခေါင်းဖြုတ်ပုံစံ (HLSO) မျိုးဖြစ်သည်။

## အီးယူအေးခဲပုဇွန်ဈေးကွက်

အေးခဲပုဇွန်များအားအီးယူ၏တင်သွင်းမှုသည် တစ်ကမ္ဘာလုံးစုစုပေါင်းတင်သွင်းမှုများ၏သုံးပုံတစ်ပုံခန့်ရှိသည်။လွန်ခဲ့သောသုံးနှစ်တာ ကာလအတွင်း အေးခဲပုဇွန်များအားအီးယူ ၏ စုစုပေါင်းတင်သွင်းမှုပုံမှန်တိုးတက်တိုးတက်လျက်ရှိရာ ၂၀၁၇ခုနှစ်သို့ရောက်သောအခါ တန်ချိန်ပေါင်း (၅၄၀,၀၀၀) နှင့် ယူရို(၄.၂) ဘီလီယံတန်ဖိုးသို့ရောက်ရှိလာပြီဖြစ်သည်။

အီးယူ၏အေးခဲပုဇွန်များအား တင်သွင်းနေမှုမှာ တစ်နှစ်လျှင်ပျှမ်းမျှပမာဏအားဖြင့် (၃) ရာခိုင်နှုန်းနှင့် တန်ဖိုးအရ တစ်နှစ်လျှင်ပျှမ်းမျှ (၉) ရာခိုင်နှုန်းတိုးတက်မှုရှိနေပြီးလွန်ခဲ့သော နှစ်အနည်းငယ်အတွင်းသွင်းကုန်ဈေးနှုန်းများမြင့်တက်လာမှုကိုညွှန်ပြလျက်ရှိသည်။အီးယူ အတွင်း၌စီးပွားရေးတိုးတက်မှုဆက်လက်ရှိနေခြင်းသည်အေးခဲပုဇွန် တင်သွင်းမှုများကိုတိုးတက်စေလိမ့်မည်ဟုခန့်မှန်းထားရာအထူးသဖြင့် နောင်လာမည့်ငါးနှစ်အတွင်းဗဟိုအီးယူနှင့်အရှေ့ပိုင်းအီးယူနိုင်ငံများ၌ မြင့်မားလာနိုင်ပါသည်။

(ပုံ - ၁) အီးယူ၏အေးခဲပုဇွန်များတင်သွင်းမှု (တန်ချိန်)




*ရည်ညွှန်း ။ ။အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန (ITC) Trade Map ၊ ၂၀၁၈*

အီးယူသည် မြန်မာနိုင်ငံကဲ့သို့ အပူပိုင်းအေးခဲပုဇွန်များထွက်ရှိခြင်းမရှိဘဲ အအေးပိုင်းအေးခဲပုဇွန်များကိုအရေအတွက်အကန့်သတ်ဖြင့်သာ ထုတ်လုပ်နိုင်သည်။ထို့ကြောင့်အရေးကြီးဈေးကွက်အဖြစ်အပူပိုင်းအေးခဲပုဇွန်အားလုံးကိုအီးယူသို့တင်သွင်း၍အားလုံးသည်အီးယူနိုင်ငံများ ဈေးကွက်ကို အဓိကထားရောင်းဝယ်ဖောက်ကားလျက် ရှိပါသည်။

အီးယူအတွင်း အပူပိုင်းဒေသပုဇွန်များအားစားသုံးမှုမှာ လူတစ်ဦးလျှင် (၀.၆၇) ကီလိုဂရမ်နှုန်းဖြစ်သည်။ ယင်းအချက်က ၂၀၁၇ တွင် လွန်ခဲ့သောသုံးနှစ်အတွင်းထက် (၃) ရာခိုင်နှုန်းခန့်အနည်းငယ်ကျဆင်းသွားကြောင်းပြသနေပါသည်။

## အီးယူမှအလားအလာရှိသောရည်မှန်းဈေးကွက်များ

အေးခဲပုဇွန်များအီးယူသို့တင်သွင်းမှုပမာဏ များပြားသိပ်သည်းနေပြီး စပိန်နှင့် ပြင်သစ်သည် အီးယူသို့ စုစုပေါင်းတင်သွင်းမှု၏ထက်ဝက်ခန့်ရှိသည်။ ဂျာမနီနိုင်ငံသည် အီးယူတွင် လူဦးရေအများဆုံး နိုင်ငံဖြစ်

Operated by

Supported by

သော်လည်း ၂၀၁၇ ကိန်းကဏန်းများအရ အေးခဲပုဇွန်တင်သွင်းမှုမှာ အီးယူတင်သွင်းမှုစုစုပေါင်း၏ (၅%) သာ ရှိသည်။

အလားအလာအရှိဆုံးအီးယူဈေးကွက်များသည် ကမ်းလှမ်းကြသော ပုဇွန်အမျိုးအစားများအပေါ်မူတည်၍ ကွာခြားမှုရှိကြသည်။ အီးယူအတွင်းမည်သည့်နေရာတွင်မဆို ပုဇွန်ကျားဈေးကွက်တွေ့ရှိသော်လည်း အကြီးမားဆုံးတင်သွင်းသည့် နိုင်ငံများမှာ ယူကေ ၊ ဘယ်လ်ဂျီယံ၊ နယ်သာလန်နှင့်ဂျာမနီနိုင်ငံတို့ဖြစ်ပါသည်။ ယူကေသည် ရေချိုပုဇွန်များအတွက် စိတ်ဝင်စားဖွယ်ဈေးကွက်ဖြစ်ပြီး ဘယ်လ်ဂျီယံနှင့်နယ်သာလန်နိုင်ငံတို့သည် သဘာဝအတိုင်း ဖမ်းဆီးရရှိသည့်ပန်းရောင်ပုဇွန်များအတွက် စိတ်ဝင်စားဖွယ်ဈေးကွက်များဖြစ်ကြပါသည်။

မြန်မာနိုင်ငံအတွက်ဈေးကွက်အခွင့်အလမ်းများသည် ကြီးမားသော အစားအစာဝန်ဆောင်မှုအပိုင်းများ၌ရှိနေပါသည်။ စပိန်နိုင်ငံနှင့်အီတလီနိုင်ငံတို့မှလက်လီရောင်းဆိုင်များသည် ဈေးနှုန်းအပေါ်အကဲဆတ်မှုရှိပြီး ဈေးသက်သာသည့် တောင်အမေရိက မွေးပုဇွန်ဖြူများ (White Leg Shrimp) ကို ရှာဖွေနေကြသည်။

(ပုံ - ၂) ၂၀၁၇ ခုနှစ် ၊ အီးယူ၏အေးခဲပုဇွန်များတင်သွင်းမှု (တင်သွင်းမှုပမာဏ အလိုက်)




*ရည်ညွှန်း ။ ။အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန (ITC) Trade Map ၊ ၂၀၁၈*

မြန်မာ့အေးခဲပုဇွန်များကို ဂရိ၊ ရိုမေးနီးယား၊ ဘူလ်ဂေးရီးယား နှင့် ချက်သမ္မတနိုင်ငံကဲ့သို့ ပေါ်ထွန်းစဈေးကွက်များသို့လည်း ကမ်းလှမ်းနိုင်ပါသည်။ အဆိုပါဈေးကွက်များအနေဖြင့် (ပုံ - ၂) တွင် ဖော်ပြထားသောဈေးကွက်များထက်သေးငယ်သော်လည်း ၄င်းတို့ထံ၌ စုပြုံ၍ပြင်းထန်စွာယှဉ်ပြိုင်ရခြင်းမျိုးနည်းပါးသည်။ ဤသို့သောအခြေအနေသည် တင်ပို့ရောင်းချသူအသစ်များ အတွက် အခွင့်အလမ်းများပေးအပ်နေပါသည်။ ၄င်းတို့အနေဖြင့် ဝယ်လိုအားအကန့်အသတ်ရှိနေခြင်းကြောင့် ပေါင်းစပ်တင်ပို့ သည့်ကုန်သေတ္တာများကို ဝယ်ယူလိုစိတ်ရှိကြမည်ဖြစ်သည်။ ယင်းမှာ မြန်မာနိုင်ငံ၏ကမ်းလှမ်းမှု များအတွက် ကြုံတွေ့ နေကြပင်ဖြစ်သည်။

## အီးယူဈေးကွက်လက္ခဏာရပ်များ

စပိန်၊ အီတလီနှင့် ပြင်သစ်တို့သည် မွေးပုဇွန်ဖြူများ (*Litopenaeus vannamei*) ကိုတောင်အမေရိကနေရင်းဒေသများဆီမှတိုးမြှင့် ရယူနေကြသည်။လက်ရှိအချိန်တွင်ဈေးနှုန်းပို၍များစွာသက်သာသော မွေးပုဇွန်ဖြူများ၏အကျိုးအမြတ်ကြောင့်အနက်ရောင်ပုစွန်ကျားများ တင်သွင်းမှုနှင့်စားသုံးမှုတို့ ကျဆင်းလျက်ရှိသည်။ ပုဇွန် စားသုံးသူများ အနေဖြင့် မွေးပုဇွန်ဖြူများထက်စာလျှင်အရည်အသွေးကောင်း အနက်ရောင်ပုဇွန်ကျားများအားပိုမို ကြိုက်နှစ်သက်နေသေး သော်လည်းသိသိသာသာဈေးနှုန်းကွာခြားမှုသည် အနက်ရောင်ပုဇွန်ကျားများ အရေအတွက်အများအပြားဝယ်ယူခြင်းကို တားဆီးထားသည်။ ဘယ်လ်ဂျီယံ၊ နယ်သာလန်နှင့်ယူကေတို့မှာမူ ပုဇွန်ကျားများအတွက် တည်ငြိမ်မှုအရှိဆုံးဈေးကွက်များဖြစ်ပါသည်။

(ပုံ - ၃) အီးယူသို့အေးခဲပုဇွန်များဦးဆောင်တင်သွင်းနေသည့် နိုင်ငံများ (ယူရိုထောင်ပေါင်း)




*ရည်ညွှန်း ။ ။ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန (ITC) Trade Map ၊ ၂၀၁၈*

အီတလီနှင့်စပိန်နိုင်ငံတို့သည်ကြီးမားသော်လည်းသမားရိုးကျ ဈေးကွက်များဖြစ်ကြသည်။သို့သော်တီထွင်ကြံဆထားသောတန်ဖိုးမြှင့် ထုတ်ကုန်များအတွက်အလားအလာသည် ယူကေ၊နယ်သာလန်၊ ဘယ်လ်ဂျီယံနှင့်ဂျာမနီနိုင်ငံများ၌ ယေဘုယျအားဖြင့် မြင့်မားလေ့ရှိ ပါသည်။

## အီးယူဈေးကွက်ဝင်ရောက်မှုဆိုင်ရာလိုအပ်ချက်များ

- ရေထွက်ကုန်များအားခွင့်ပြုထားသောသင်္ဘောများဖြင့်သာ ဖမ်းဆီးရမည် (သဘာဝအတိုင်း) သို့မဟုတ် မှတ်ပုံတင်ထားသော မွေးမြူရေးကန်များတွင်သာထုတ်လုပ်ရမည်(ငါး/ပုဇွန်မွေးမြူရေး)
- ရေထွက်ကုန်များ၌ သင့်လျော်သည့်ကျန်းမာရေးထောက်ခံချက်လက်မှတ်များပါရှိရမည်။
- ပဋိဇီဝဆေးသုံးစွဲမှုကြောင့် အဆိပ်သင့်မှု၊ ညစ်ညမ်းမှုများအားစိုးရိမ်မှုမြင့်တက်နေပြီး မကြာသေးမီက အိန္ဒိယဘက်မှဆိုဂါးသော တင်ပို့မှုကြောင့် အဆိုးမြင်ဂရုပြုမှုရှိနေသည်။
- အီးယူလက်လီဈေးကွက်အပိုင်းနှင့်ပတ်သက်ပါက BRC (ဗြိတိန်လက်လီရောင်းချသူများအသင်း) သို့မဟုတ် IFS (International

Featured Standard) ကဲ့သို့ အစားအသောက်ဘေးဥပဒ်ကင်းရှင်းကြောင်းထောက်ခံချက်များပိုမိုတောင်းဆိုလာကြသည်။

- ပုဇွန်လုပ်ငန်းကဏ္ဍအတွက် ASC (ရေလုပ်ငန်းစိုက်ပျိုးမွေးမြူမှုကြီးကြပ်ရေးကောင်စီ) သို့မဟုတ် MSC (အဏ္ဏဝါရေပြင်ကြီးကြပ်ရေးကောင်စီ) ကဲ့သို့ ရေရှည်တည်တံ့ ခိုင်မြဲကြောင်းထောက်ခံချက်လျှောက်ထားရယူခြင်းမှာ ပိုမို၍ အရေးပါလာသည်။

## အီးယူတွင် ဝယ်သူမည်သို့ရှာမည်နည်း

သင်သည် အီးယူမှအလားအလာရှိသောဝယ်သူများကို အောက်ပါသတင်းအရင်းအမြစ်အမျိုးမျိုးမှတစ်ဆင့် ရှာဖွေတွေ့ရှိနိုင်သည် -

- **ကုန်စည်ပြပွဲများ** - ကမ္ဘာ့ပင်လယ်စာကုန်စည်ပြပွဲဖြစ်သည့် Seafood Expo Global (နှစ်စဉ် ၊ ဘယ်လ်ဂျီယံ ၊ တရုတ်၊ အမေရိကန်) ၊ Conxemar (နှစ်စဉ် ၊ စပိန်) ၊ Fish International (တစ်နှစ်လျှင်နှစ်ကြိမ် ၊ ဂျာမနီ) ၊ Anuga (တစ်နှစ်လျှင်နှစ်ကြိမ် ၊ ဂျာမနီ) ၊ SIAL Paris (တစ်နှစ်လျှင် နှစ်ကြိမ် ၊ ပြင်သစ်)
- **အသင်းအဖွဲ့များ၏အသင်းဝင်စာရင်းများ** - ပင်လယ်စာတင်သွင်းသူများနှင့်ပြုပြင်ထုပ်ပိုးသူများမဟာမိတ်အဖွဲ့ (Seafood Importers & Processors Alliance (SIPA)) ၊ ဥရောပသမဂ္ဂငါးပြုပြင်ထုပ်ပိုးသူများနှင့်ကုန်သည်များအသင်း (EU Fish Processors and Traders Association (AIPCE-CEP))
- **ငါးလုပ်ငန်းဆိုင်ရာအချက်အလက်သိုလှောင်ထားရှိမှုစနစ်များ** - GLOBEFISH ၊ Sea-Ex၊ FIS ၊ STIP ၊ Europages

## ဆက်သွယ်ရန်

မြန်မာ-အီးယူကုန်သွယ်မှုအကူအညီပေးရေးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
အမှတ် ၂၂၈ - ၂၄၀ ၊ ကမ်းနားလမ်း၊ ဒုတိယထပ်
ရန်ကုန်၊ မြန်မာ။
အီးမေးလ်-mmeu.tradehelpdesk@gmail.com

*ယခုထုတ်ဝေမှုကို ဥရောပသမဂ္ဂ၏ရန်ပုံငွေအထောက်အပံ့ဖြင့်ပြုလုပ်ပါသည်။ ပါရှိသောအကြောင်းအရာများနှင့်ပတ်သက်၍ ရေးသားသူ (Aleksandar Jovanovic) ထံတွင် အလုံးစုံတာဝန်ရှိပြီး ဥရောပသမဂ္ဂသို့မဟုတ် အခြားမည်သည့်အဖွဲ့အစည်း၏အမြင်ကိုမျှလုံးဝထင်ဟပ်ခြင်းမရှိပါ။*

*စက်တင်ဘာ၂၀၁၈*